16 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၀)

## စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးထောင်ချခံရသူများ

### ဖမ်းဆီးထိန်းသိမ်း ထောင်ချခံရသူ အရေအတွက်




**ဖမ်းဆီးခံခဲ့ရသူများ**
**၁၀,၁၄၃+**

**ချုပ်နှောင်ခံထားရသူများ**
**၇,၂၅၁+**

**တိမ်းရှောင်နေရသူများ**
**၁,၉၅၄+**

**ထောင်ဒဏ် ချမှတ်ခံထားရသူများ**
**၂၈၉+**

**သေဒဏ် ချမှတ်ခံထားရသူများ**
**၆၅+**


၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီး နောက်ပိုင်း နိုဝင်ဘာလ ၁၃ ရက်အထိ နိုင်ငံတဝန်း ဖမ်းဆီးခံရသူ စုစုပေါင်း ၁၀,၀၀၀ ကျော်အထိ ရှိသွားပါပြီ။ ယခုအချိန်ထိ ဖမ်းဆီးချုပ်နှောင်ခံထားရသူ စုစုပေါင်း ၇,၂၅၁ ဦး၊ တိမ်းရှောင်နေရသူ ၁,၉၅၄ ဦး၊ ထောင်ဒဏ်ချမှတ်ခံရသူ ၂၈၉ ဦးနှင့် သေဒဏ်ချမှတ်ခံရသူစုစုပေါင်း ၆၅ ဦး အထိရှိနေပါသည်။ ထောင်ဒဏ်ချမှတ်ခံရသူ ၂၈၉ ဦး အနက် ၃၉ ဦးမှာ မျက်ကွယ်သေဒဏ်ချမှတ်ခံထားရပြီး မျက်ကွယ်သေဒဏ်အပါအဝင် မျက်ကွယ်ပြစ်ဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၁၁၈ ဦးရှိပါသည်။ ယခင်လက ဖော်ပြခဲ့သော ကိန်းဂဏန်းများ **(အလေးထားရမည့်အကြောင်းအချက်များ အမှတ်- ၅၄ ကိုရှုပါ)** နှင့်နှိုင်းယှဉ်ပါက ဖမ်းဆီးချုပ်နှောင်ခံရသူ ၁,၃၅၃ ဦး တိုးအထိ တိုးလာပြီး ဖမ်းဝရမ်းထုတ်ခံထားရ၍ တိမ်းရှောင်နေရသူ စုစုပေါင်း ၃၅ ဦးလျော့သွားပါသည်။ ၎င်းတို့ထဲတွင် အောက်တိုဘာလ ၁၈ ရက်နေ့မှာ စစ်ကောင်စီက ဖမ်းဝရမ်းထုတ်ထားသော အမှုများကိုရုတ်သိမ်းလိုက်ခြင်းကြောင့် လွတ်မြောက်သွားသော အနုပညာရှင်များနှင့် ဆိုရှယ်မီဒီယာတွင် လူသိများထင်ရှားသူများ ပါဝင်ပါသည်။

**မှတ်ချက် -** ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ဖော်ပြချက်များကိုအခြေခံ၍လက်လှမ်းမီသမျှပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ထို့အပြင် ဖမ်းဆီးခံခဲ့ရသူများထဲတွင် ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် ချမှတ်ခံရသူများ ပါဝင်သည်။ ဖမ်းဆီးခံခဲ့ရပြီး ချက်ချင်းပြန်လွတ်ခဲ့သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၀)

## စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးထောင်ချခံရသူများ

### အောက်တိုဘာ ၈ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ နေ့စဉ် ဖမ်းဆီးချုပ်နှောင်ခံရသူ အရေအတွက်





စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုကြောင့် အောက်တိုဘာ ၈ ရက်နေ့မှ နိုဝင်ဘာ ၁၃ ရက်နေ့အထိ ဖမ်းဆီးခံရသူ ၁,၃၅၃ ဦးထက်မနည်းရှိခဲ့ပါသည်။ ထိုပမာဏသည် လက်လှမ်းမှီသမျှကိန်းဂဏန်းသာဖြစ်ပြီး ယခုထက်ပိုမိုများပြားနိုင်ပါသည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုကြောင့် နိုဝင်ဘာလ ၁၃ ရက်နေ့အထိ ဖမ်းဆီးခံရသူစုစုပေါင်း ၁၀,၁၄၃ ဦးအထိရှိခဲ့ပြီး လက်ရှိအချိန်ထိ ချုပ်နှောင်ခံထားရသူ ၇,၂၅၁ ဦး ရှိပါသည်။

**မှတ်ချက် -** ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ဖော်ပြချက်များကိုအခြေခံ၍လက်လှမ်းမီသမျှပြုစုထားခြင်းဖြစ်ပြီးပါဝင်ခြင်းမရှိဘဲကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ထို့အပြင် ဖမ်းဆီးခံခဲ့ရသူများထဲတွင် ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် ချမှတ်ခံရသူများ ပါဝင်သည်။ ဖမ်းဆီးခံခဲ့ရပြီး ချက်ချင်းပြန်လွှတ်ခဲ့သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၀)

### စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးထောင်ချခံရသူများ

#### ဖမ်းဆီးခံထားရသူ ကျား-မ အရေအတွက်




စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုကြောင့် နိုဝင်ဘာ ၁၃ရက်အထိ နိုင်ငံတဝန်း ဖမ်းဆီးခံရသူ စုစုပေါင်း ၁၀,၁၄၃ ဦးရှိခဲ့ပြီး ယခုအချိန်ထိ ဖမ်းဆီးချုပ်နှောင်ခံထားရသူ စုစုပေါင်း ၇,၂၅၁ ဦးရှိပါသည်။ ၎င်းတို့အနက် နိုဝင်ဘာ ၁၃ရက်နေ့ အထိရရှိထားသော အချက်အလက်များအရ ဖမ်းဆီးချုပ်နှောင်ခံရသူ ၇,၂၅၁ ဦး အားပိုင်းခြားစိစစ်ခဲ့ရာ ၅,၈၇၅ ဦး (၈၁ ဒသမ ၀၂ ရာခိုင်နှုန်း) မှာ အမျိုးသားများ၊ ၁,၃၇၀ ဦး (၁၈ ဒသမ ၉၉ ရာခိုင်နှုန်း) မှာ အမျိုးသမီးများဖြစ်ပြီး၊ ၆ ဦး (၀ ဒသမ ၀၈ ရာခိုင်နှုန်း) မှာ LGBT များဖြစ်ပါသည်။

**မှတ်ချက် -** ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ဖော်ပြချက်များကိုအခြေခံ၍လက်လှမ်းမီသမျှပြုစုထားခြင်းဖြစ်ပြီးပါဝင်ခြင်းမရှိဘဲကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ထို့အပြင် ဖမ်းဆီးခံခဲ့ရသူများထဲတွင် ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် ချမှတ်ခံရသူများ ပါဝင်သည်။ ဖမ်းဆီးခံခဲ့ရပြီး ချက်ချင်းပြန်လွှတ်ခဲ့သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

16 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၀)
## စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးထောင်ချခံရသူများ

### ဖမ်းဆီးချုပ်နှောင်ခံထားရသူ အမျိုးအစား




စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုကြောင့် နိုဝင်ဘာ ၁၃ ရက် အထိ နိုင်ငံတဝန်း ဖမ်းဆီးခံရသူ စုစုပေါင်း ၁၀,၁၄၃ ဦးရှိခဲ့ပြီး ယခုအချိန်ထိ ဖမ်းဆီးချုပ်နှောင်ခံထားရသူ စုစုပေါင်း ၇,၂၅၁ ဦး ရှိပါသည်။ ၎င်းတို့အနက် နိုဝင်ဘာ ၁၃ ရက်နေ့အထိရရှိထားသော အချက်အလက်များအရ ဖမ်းဆီးချုပ်နှောင်ခံရသူ ၇,၂၅၁ ဦး အား ပိုင်းခြားစိစစ်ခဲ့ရာ အများဆုံးမှာ အရပ်သားပြည်သူများဖြစ်ပြီး ၅,၅၀၁ ဦးအထိရှိသည်။ ဒုတိယအများဆုံးမှာ ကျောင်းသားဖြစ်ပြီး ၅၆၉ ဦးအထိရှိနေပါသည်။ ယခင်လက ဖော်ပြခဲ့သော ကိန်းဂဏန်းများ **(အလေးထားရမည့်အကြောင်းအချက်များ အမှတ်-၅၄ ကိုရှုပါ)** နှင့်နှိုင်းယှဉ်ပါက ဖမ်းဆီးချုပ်နှောင်ခံထားရသော သတင်းသမား စုစုပေါင်း ၆၄ ဦး လွတ်မြောက်သွားပါသည်။

**မှတ်ချက် -** ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ဖော်ပြချက်များကိုအခြေခံ၍လက်လှမ်းမီသမျှပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ထို့အပြင် ဖမ်းဆီးခံခဲ့ရသူများထဲတွင် ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် ချမှတ်ခံရသူများ ပါဝင်သည်။ ဖမ်းဆီးခံခဲ့ရပြီး ချက်ချင်းပြန်လွတ်ခဲ့သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၀)

## စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးထောင်ချခံရသူများ

### နေရာဒေသအလိုက် ဖမ်းဆီးခံရသူများ




စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုကြောင့် နိုဝင်ဘာ ၁၃ ရက်အထိ နိုင်ငံတဝန်း ဖမ်းဆီးခံရသူများထဲတွင် အများစုသည်ရန်ကုန်တိုင်းတွင်နေထိုင်သူများဖြစ်သည်။ ဒုတိယအများဆုံးမှာ မန္တလေးတိုင်းဖြစ်သည်။ အောက်တိုဘာ ၇ ရက်နေ့က ဖော်ပြခဲ့သော ကိန်းဂဏန်းများ (**အလေးထားရမည့် အကြောင်း အချက်များ အမှတ်- ၅၄ ကိုရှုပါ**) နှင့် နှိုင်းယှဉ်ပါက ရန်ကုန်တိုင်းတွင်ဖမ်းဆီးခံရသူ ၄၈ ဦးတိုးလာပြီး၊ မန္တလေးတိုင်းတွင် ဖမ်းဆီးခံရသူ ၅၃ ဦး တိုးလာပါသည်။

* အခြားဟူသည် အမည်နှင့်အရေအတွက် သိရှိရသော်လည်း မည်သည့်ဒေသ၌ အဖမ်းခံရသည်ကို အတည်မပြုနိုင်သေးသည့်သူများအား ဆိုလိုပါသည်။

မှတ်ချက် - ဖော်ပြပါ အချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့် အချက်အလက်အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ထို့အပြင် ဖမ်းဆီးခံခဲ့ရသူများထဲတွင် ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် ချမှတ်ခံရသူများ ပါဝင်သည်။ ဖမ်းဆီးခံခဲ့ရပြီး ချက်ချင်းပြန်လွှတ်ခဲ့သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

16 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၀)

## စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးထောင်ချခံရသူများ

### တရားစွဲဆိုခဲ့သော ပုဒ်မများနှင့် အရေအတွက်

| | |
|---|---|
| ၁,၁၃၇ ဦး | ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) ဖြင့် တရားစွဲခံထားရသူများ |
| ၇၆ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၄၅ ဖြင့် တရားစွဲခံထားရသူများ |
| ၆၉ ဦး | ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅(ခ) ဖြင့် တရားစွဲခံထားရသူများ |
| ၆၄ ဦး | သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဥပဒေဖြင့် တရားစွဲခံထားရသူများ |
| ၄၁ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၈၈ ဖြင့် တရားစွဲခံထားရသူများ |
| ၄၅ ဦး | ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် တရားစွဲခံထားရသူများ |
| ၄၈ ဦး | လက်နက် အက်ဥပဒေဖြင့် တရားစွဲခံထားရသူများ |
| ၃၀ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၂၄ ဖြင့် တရားစွဲခံထားရသူများ |
| ၂၆ ဦး | ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေ ပုဒ်မ ၆(၁) ဖြင့် တရားစွဲခံထားရသူများ |
| ၂၃ ဦး | ငြိမ်းစုစီဥပဒေ ပုဒ်မ ၁၉ဖြင့် တရားစွဲခံထားရသူများ |
| ၈ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၂၂(၁) ဖြင့် တရားစွဲခံထားရသူများ |
| ၅ ဦး | အစိုးရလျှို့ဝှက်အက်ဥပဒေ ပုဒ်မ ၃၁(ဂ) ဖြင့် တရားစွဲခံထားရသူများ |
| ၅ ဦး | ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေဖြင့် တရားစွဲခံထားရသူများ |
| ၂ ဦး | ရာဇသတ်ကြီးပုဒ်မ ၅၀၅(ဂ) ဖြင့် တရားစွဲခံထားရသူများ |
| ၂ ဦး | ရာဇသတ်ကြီးပုဒ်မ ၂၁၆ ဖြင့် တရားစွဲခံထားရသူများ |
| ၂ ဦး | ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲခံထားရသူများ |

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း လက်ရှိအချိန်ထိ နိုင်ငံတဝန်း ဖမ်းဆီးခံရသူ ၇,၂၅၁ ဦး အနက် အများစုမှာ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က နှင့် တရားစွဲဆိုခံထားရသည်။ ဒုတိယအများဆုံးမှာ ရာဇသတ်ကြီးပုဒ်မ ၁၄၅ ဖြစ်သည်။

**မှတ်ချက် -** ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ဖော်ပြချက်များကိုအခြေခံ၍လက်လှမ်းမီသမျှပြုစုထားခြင်းဖြစ်ပြီးပါဝင်ခြင်းမရှိဘဲကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ထို့အပြင် ဖမ်းဆီးခံခဲ့ရသူများထဲတွင် ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် ချမှတ်ခံရသူများ ပါဝင်သည်။ ဖမ်းဆီးခံခဲ့ရပြီး ချက်ချင်းပြန်လွတ်ခဲ့သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။